Public education
**Discover a world of opportunities**

1 တန်းနှင့် 2 တန်း

# နံပါတ်များ
# အိမ်တွင် လေ့လာသင်ယူခြင်း

## နံပါတ်ဂဏန်းများနှင့်ကစားသည့် အကြံဉာဏ်များ

### ပူဖေါင်းဘောလုံး ပုတ်ခြင်း

ပူဖေါင်းဘောလုံးကို ကြမ်းပြင် မထိစေပဲ တစ်ခုနှင့်တစ်ခုကို သင် မည်မျှအကြိမ် ပုတ်နိုင်ကြောင်း ရေတွက်ပါ။ ပူဖေါင်းဘောလုံး ကြမ်းပြင်နှင့်ထိသည့်အခါ အစပြန်လုပ်ပါ။

### ဒိုမီနို

အစက်အပြောက်များကို ရေတွက်ပြီး ဆင်တူရွေးပါ။

### ကတ်ဘုတ်ကစားပွဲများ

ဘုတ်ပေါ်တွင် သင် ရွှေ့ရှားနေသည့်အခါ အကွက်များကို ရေတွက်ပါ။ မေးပါ- *ပြီးဆုံးရန်မတိုင်မီ အကွက်ဘယ်နှစ်ကွက် သင် ကျန်သေးသလဲ။*

### လျှပ်စစ်ဖြင့် ကစားနည်းများ

စွန့်စားလုပ်သည့်ကစားပွဲများ၊ တက်ပလက်အက်ပ်များ၊ ဝက်ဘ်ကိုအခြေခံသည့် ပြိုင်ပွဲများနှင့် အားကစား ကစားပွဲများကို ထည့်သွင်းကစားပါ။ သင့်ကလေးနှင့်အတူ ကွန်ပျူတာ စွန့်စားကစားပွဲများကို ကစားပြီး အောက်ပါကဲ့သို့ မေးခွန်းများကို မေးပါ- *နောက်ထပ် အဆင့်တစ်ဆင့်ကိုရရန် ကြယ်မည်မျှ သင် လိုအပ်ပါသနည်း။*

### လင်းတငှက်ကို လိုက်ဖမ်းခြင်း

အိမ်နှင့်ပန်းခြံ တစ်ဝိုက် ရှာရန် သင့်ကလေးအတွက် အရာများစာရင်းတစ်ခုကို ရေးပေးပါ။ ဥပမာ- *ယူကလစ်သီး သုံးခု၊ အညိုရောင်သစ်ရွက် လေးခု၊ အနီရောင်သစ်ရွက် တစ်ခု၊ အဝတ်ညှပ်ကလစ် ငါးခု၊ အနီရောင် အတုံး နှစ်တုံးနှင့်ခရုခွံ တစ်ခု။*

### အန်စာတုံး ကစားပွဲများ

အန်စာတုံး နှစ်ခု (သို့မဟုတ် ပို၍) သုံးပြီး နံပါတ်များကို အတူပေါင်းတမ်း လေ့ကျင့်ပါ။ သင့်ကလေးအား အစက်အပြောက် နံပါတ်များကို မရေတွက်ပဲ မှတ်မိအောင်လုပ်ရန် တိုက်တွန်းပါ။

### ကားနံပါတ်ပြားများကို ရှာဖွေခြင်း

နံပါတ် 1 ဂဏန်းပါသည့် ကားနံပါတ်ပြားများကို ရှာပါ။ ယင်းနောက် နံပါတ် 2 ဂဏန်းပါတာကို ရှာပါ၊ ယင်းနောက် 3 နှင့် အစဉ်အတိုင်း ပါတာကိုရှာပါ။ သူတို့အား နံပါတ်ပြားပေါ်ရှိ နံပါတ်များကို အားလုံးအားပေါင်းခိုင်းခြင်းအားဖြင့် သို့မဟုတ် အငယ်ဆုံးနံပါတ်ကို အကြီးဆုံးနံပါတ်မှ နုတ်ခိုင်းခြင်းအားဖြင့် ပို၍ပျော်စရာဖြစ်အောင် လုပ်ပါ။

လျှို့ဝှက်ပဟေဠိ နံပါတ်

နံပါတ် တစ်ခုကို စဉ်းစားပါ။ သင် သဲလွန်စ ကိုပေးချိန်၌ သင့်ကလေးအား ဘာဖြစ်သည်ကို စဉ်းစားခိုင်းပါ၊ ဥပမာ- *ကျွန်ုပ်၏ နံပါတ်က **10** ထက် ကြီးပြီး **19** ထက်နည်းသည်။ ၄င်းသည် စုံဂဏန်းတစ်ခု ဖြစ်သည်။ တစ်ခါတစ်ရံ ၄င်းကို တစ်ဒါဇင် ဟုခေါ်သည်။*
ပိုမိုအဆင့်မြင့်သည့် ကစားပွဲတစ်ခုအတွက် သင်သည် လျှို့ဝှက်ပဟေဠိ နံပါတ်ကို ရှာဖွေရန်အတွက် အပေါင်း၊ အနုတ်နှင့် အမြှောက် သဲလွန်စများကိုထည့်သွင်းကစားနိုင်သည်။

### ဖဲချပ် ကစားနည်းများ

နံပါတ်ရွေးတမ်း ကစားနည်း နံပါတ်များကို လိုက်ဖက်အောင်ရွေးသည့်အကြောင်း လေ့လာခြင်းအတွက် *အလွန်ကောင်းသည်။ နံပါတ် 10 ရရန် နံပါတ်တစ်ခုကို အခြားတစ်ခုနှင့်ပေါင်းထည့်ပေးခြင်းဖြင့် မှတ်ဉာဏ်ကို ကစားပါ၊ ဥပမာ 3 နှင့် 7, 4 နှင့် 6, နှင့် 5 နှင့် 5.*

Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015